# လူငယ်မျက်စိထဲမှယူနန်၏ (၅) နှစ်အတွင်းဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှု

အောက်တိုဘာလ (၁၈)ရက်နေ့ ပေကျင်းတွင် တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံကို ကျင်းပခဲ့ပါသည်။ လူငယ်များမျက်စိအတွင်း တရုတ်ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံပြီးနောက် (၅)နှစ်တာကာလအတွင်း ယူနန်ပြည်နယ်၏ စီးပွားရေးလူမှုရေးဖွံ့ဖြိုးမှုသည် မည်သို့သောအောင်မြင်မှုရလဒ်နှင့် ပြောင်းလဲမှုများ ရှိလာသနည်း။

တာ့လီပြည်နယ်ခွဲ ဖူယွမ်ခရိုင်ကျိပိဟူမြို့နယ် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး ဝန်ဆောင်မှုစင်တာ အုပ်ချုပ်ရေးမှူးကော်ရန်ပင်၏ အကြီးဆုံးခံစားချက်မှာ (၃)နှစ်အတွင်း တာ့လီပိုင်တိုင်ရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်ခွဲမှ အေလ်ဟိုင်းရေအရည်အသွေး ထိန်းချုပ်မှုမှာ အကျိုးထိရောက်မှုများ စတင်တွေ့မြင်လာရာ လူငယ်များမှာ အေလ်ဟိုင်းကို ကာကွယ်စောင့်ရှောက်ပေးသည့် အဓိကအင်အားများ ဖြစ်လာခြင်းဖြစ်သည်။ “အခုကောင်းကင်ပြာ၊ တိမ်ဖြူ စိမ်းလန်းစိုပြေနေသော တောတောင်ရေမြေများကို နေရာအနှံ့ တွေ့မြင်နိုင်နေတယ်။ ဇီဝပတ်ဝန်းကျင်မှာ ပြန်လည်ကောင်းမွန်လာပြီး အရင်ကမတွေ့ရတော့တဲ့ငှက်များကိုလည်း ပြန်တွေ့နေရပါပြီ။” ဟုသူကဝမ်းသာစွာပြောပြနေသည်။

“နိုင်ငံတော်၏ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ဆောက်လုပ်ရေး၏ အလေးပါဗျူဟာ‌ပေါ်တွင် ယူနန်ကအရှိန်မြင့်ရထားခေတ်အတွင်းသို့ ပါဝင်လာနိုင်ခဲ့ပြီး ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ ဆောက်လုပ်ရေးတွင် အလေးပါသည့်ပြည်နယ်အကျိုးသက်ရောက်မှု လုပ်ဆောင်နိုင်ခဲ့ပါသည်။” ဟု ကူမင်းရထားသံလမ်းညွှန်ကြားမှုဦးစီးဌာန ကူမင်းနန်ကုန်းအပိုင်း မီလက်တံတားလမ်းဇုန် အလုပ်သမားခေါင်းဆောင် ကျောက်ယူလုံကပြောကြားသည်။

“ပါတီ၏(၁၈)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံပြီးနောက် ပြည်နယ်ပါတီကော်မတီ၊ ပြည်နယ်အစိုးရတို့သည် ခေတ်သစ်သတင်းအချက်အလက် နည်းပညာစသည့် အလေးပါမဏ္ဍိုင်လုပ်ငန်းများအပေါ် အစွမ်းကုန်အားပေးနေပါသည်။ ကျွန်တော်တို့သည် အရင်ကမိမိကိုယ်တိုင် လုပ်ငန်းထူထောင်ခဲ့ကြရပြီး အခုမှာ လုပ်ငန်းထူထောင်ရေးစင်မြင့်တစ်ခုအဖြစ်သို့ ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်”ဟု ကျိုးကျိုးကွန်ယက်တည်ထောင်သူ CEO ဖြစ်သူ ချိန်ဟုန်ရွှေက ပြောကြားသည်။

“ပါတီ၏(၁၈)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံပြီးနောက် တရုတ်နိုင်ငံ၏ အခြေခံဆေးဝါးကုသမှု အာမခံစနစ်နှင့် ဖြည့်စွက်ဆေးဝါးကုသမှု အာမခံစနစ်တို့မှာ အဆက်မပြတ်တိုးတက်လာပြီး ပြည့်စုံလာနေသည်။ ပြည်သူလူထု ရောဂါစစ်ဆေးပြသရာ၌လည်း ပိုမိုအဆင်ပြေလာကြသည်။” ဟုယူနန်ပြည်နယ် ဒုတိယပြည်သူ့ဆေးရုံနှလုံးသွေးကြောဆိုင်ရာ အထူးကုဌာနဒုတိယညွှန်ကြားရေးမှူး စုံရီကပြောသည်။ ယူနန်ပြည်နယ်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စသည်တို့နှင့် ‘နှလုံးအသက်ကယ်ဆယ်ရေးစီမံကိန်း’ကို ပူးပေါင်းဆောင်ရွက်ကာ မွေးရာပါနှလုံးရောဂါရှိသော ကလေးငယ်များကို အချိန်မီကယ်ဆယ်ပေးနိုင်ခဲ့သည်။

(၅) နှစ်တာကာလအတွင်း ယူနန်ပြည်နယ်သည် တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တွန်းတင်ပေးနိုင်ရန်အတွက် အရှိန်အဟုန်မြင့်လုပ်ဆောင်နေပါသည်။ ယခုမှာ “တိုင်းရင်းသားညီအစ်ကိုအားလုံး လိုက်ပါလာစေရမည်။” “တိုင်းရင်းသားအားလုံးသည် တစ်အိမ်သားထဲဖြစ်ကြသည်။ အားလုံးကောင်းစွာနေထိုင်နိုင်ရမည်။” စသည့်အတွေးအခေါ်များသည် ကျယ်ပြန့်သောယူနန်ဒေသလူငယ်များ၏ ရင်တွင်းတွင်အမြစ်တွယ်နေလျက်ရှိပါသည်။

“ဒီ(၅)နှစ်အတွင်း ကျွန်တော့်ခံစားချက်အကြီးဆုံးသည် ယူနန်ကတိုင်းရင်းသားယဉ်ကျေးမှုလုပ်ငန်းဆောက်လုပ်ရေးအင်အားကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ တိုက်ရိုက်အကျဆုံးပြောင်းလဲမှုမှာ ကျွန်တော်တို့အတွက် ပိုများသောစင်မြင့်ရရှိစေပြီး တစ်ကမ္ဘာလုံးမှလူအားလုံး ဖော်ရာဒေသခံယဉ်ကျေးမှု၊ ကျွမ့်တိုင်းရင်းသားယဉ်ကျေးမှုကို ပိုများသောအချိန်ဖြင့် သိရှိစေနိုင်ခြင်းသည် ကျွန်တော်အထူးဂုဏ်ယူပါသည်။” ဟု ဖော်ရာကော်စူးသံပြိုင် တေးဆိုအဖွဲ့ခေါင်းဆောင်ဟွမ်ရှန်းက ပြောကြားသွားပါသည်။

ယခုနှစ်ပိုင်း ယူနန်မှတောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာပြုစီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစသည့် အထွေထွေစင်တာ ဆောက်လုပ်ရေးခြေလှမ်းမှာ အဆက်မပြတ်တိုးမြှင့်လာနေသည်။ တောင်အာရှအရှေ့တောင်အာရှနိုင်ငံများကို အလေးထားသည့် လူငယ်ချင်း ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးများလည်း ပိုမိုများပြားလာနေသည်။ တရုတ်နိုင်ငံရောက် မြန်မာနိုင်ငံကျောင်းသားကောင်းထက်ရွှေက “တရုတ်နိုင်ငံ၏ ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု’ အဆိုပြုချက်ကြောင့် တရုတ်နိုင်ငံနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများသည် ပူးပေါင်းဆောင်ရွက်ရေးများ စွာရရှိခဲ့ပြီး နိုင်ငံခြားပညာတော်သင်ကျောင်းသားများစွာတို့သည်လည်း ယူနန်သို့ ရောက်ရှိလာကြသည်။ နိုင်ငံတကာလူငယ်များ၏ ဖလှယ်ဆက်ဆံရေးများကို တိုးမြှင့်လာနိုင်ခဲ့သည်။ ကျွန်တော်တို့အပြင် အခြားသောမြန်မာနိုင်ငံမှုလတန်းကျောင်းသားများလည်း နေ့စဉ်နိုင်ငံနယ်စပ်လိုင်းကိုဖြတ်ပြီး တရုတ်နိုင်ငံသို့ လာကာကျောင်းတက်နေကြသည်။ သူတို့ သည် တရုတ်နိုင်ငံကလေးများကဲ့သို့ အခမဲ့ပညာသင်စနစ်ကို ခံစားနိုင်ကြပါသည်။”

(လီယူကျန့် မျောက်ယုံ)

ဆက်လက်ဖတ်ရှုရန်—



# ဖွံ့ဖြိုးတိုးတက်ရေးရလဒ်ဖြင့် ပြည်သူ့စိတ်အားထက်သန်စေသည်

“(၅)နှစ်အတွင်း ယူနန်မှရရှိသော အောင်မြင်မှုရလဒ်များသည် ပါတီ၏ ကောင်းမွန်သော ပေါ်လစီဆုံးဖြတ်ချက်များကြောင့်ဖြစ်သည်။ ကြိုးပမ်းလုပ်ဆောင်နေသော ယူနန်ပြည်သူအားလုံး၏ စိတ်တူလုပ်ဆောင်မှု၊ ကြိုးပမ်းရုန်းကန်မှုများကြောင့်ဖြစ်သည်။” ယခုရက်ပိုင်း ယူနန်ပြည်နယ်သိပ္ပံနည်းပညာပြတိုက်၏ “ကြိုးစားရုန်းကန်သော (၅)နှစ်--တရုတ်အိပ်မက်ယူနန်စာမျက်နှာရလဒ် ခေါင်းစဉ်ပြပွဲ” တွင် ကူမင်းမြို့သား ဝမ်ကျောက်ဟွေသည် (၆)နှစ်အရွက်ရှိသော မြေးမကလေးကို လက်ဆွဲပြီး ပြသဘုတ်များအောက်တွင် ရပ်ကြည့်နေပြီး ကလေးကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောဆိုပေးနေသည်။ မြေးမလေးကို ပညာကောင်းစွာသင်ယူစေပြီး အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားထောက်ပံ့ပေးစေရန် အားပေးနေလျက်ရှိပါသည်။

ပြည်နယ်သိပ္ပံနည်းပညာပြတိုက်ထဲတွင် လူများစည်ကားနေပြီး ပြည်နယ်တစ်ခုလုံးရှိ နေရာအနှံ့မှ လုပ်ငန်းအသီးသီး၊ လူမှုအသိုင်းအဝိုင်းအသီးသီးမှ ပြည်သူများ လာရောက်ကြည့်ရှုရန်ဆွဲဆောင်နိုင်ခဲ့ပါသည်။ နေ့စဉ်ပြပွဲကြည့်ရှုသူပရိသတ်မှာ (၂၀၀၀)ကျော်ခန့်ရှိသည် ပြတိုက်ဖွင့်လှစ်ရက်မှစပြီး မနေ့ကအထိ လူပေါင်း (၂၀၀၀၀)ခန့်လာရောက်ကြည့်ရှုပြီး ဖြစ်သည်။

ယူနန်၏ (၅)နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှု ဗီဒီယိုရုပ်ပုံများနှင့် အထူးရိုက်ကူးထားသော ဗီဒီယိုများဖြင့် အောင်မြင်မှုရလဒ်များ၏ နောက်ကွယ်ရာပုံပြင်များကို ပြန်လည်ဖော်ပြပြီး စာအရေးအသား စာပုဒ်များဖြင့် ယူနန်(၅)နှစ်တာ ကာလအတွင်း၏ ပြောင်းလဲမှုကို ရေးသားပြောဆို နေကြပါတော့သည်. . .

အသက်(၇၀)နှစ်ရှိသော အဖွားချိန်သည် ဟက်ချင့်ခရိုင်သူဖြစ်သည်။ သားသမီးနှင့်အတူ ကူမင်းတွင် (၁၀)နှစ်ကျော်နေထိုင် နေလျက်ရှိသည်။ ပြပွဲကိုကြည့်ပြီးနောက် သတင်းထောက်ထံ သူမယခုနှစ်ပိုင်း ဇာတိမြေသို့ ပြန်ရောက်ပြီး တွေ့မြင်သော အပြောင်းအလဲများကို ပြောပြခဲ့သည်။ ကတ္တရာလမ်းများသည် ရွာထဲသို့ခင်းနေပြီး အိမ်တိုင်းမှာတိုက်အိမ်ကိုယ်စီဖြင့် ထုတ်ကုန်နှစ်တိုင်းတိုးပွားမှုရရှိကာ ရွာသူရွာသားများလူနေမှုဘဝသည် ပိုမိုကောင်းမွန်လာနေပါသည်။

“တောင်အာရှအရှေ့တောင်အာရှ မျက်နှာပြုစီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးစသည့်အထွေထွေစင်တာ” ဘုတ်အရှေ့တွင် အသက်(၇၅)နှစ်ရှိသော လျှပ်စစ်အလုပ်သမားလီမင်းကျင့်သည် အချိန်ကြာစွာ ရပ်ကြည့်နေပါသည်။ ယူနန်မှပြည်တွင်းပြည်ပ နှစ်ဖက်ဖွင့်လှစ်မှုကို စတင်အကောင်အထည်ဖော် လုပ်ဆောင်ချိန်မှစပြီး ယူနန်လျှပ်စစ်ဓာတ်အားသည် ဘေးပတ်ဝန်းကျင်ဒေသနှင့်တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများစွာအတွက် ပိုမိုကောင်းစွာ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ယင်းသည်လူကြီးမျိုးဆက် လျှပ်စစ်အလုပ်သမားများ၏ အိပ်မက်ပင်ဖြစ်ပါသည်။ ယခုအိပ်မက်က ဖြစ်မြောက်လာသော် သူသည် မျက်လုံးနီပြီး မျက်ရည်ပင်ဝဲလာနေပါတော့သည်။



ပြည်နယ်ညွှန်ကြားမှုဦးစီးရုံးပြန်လည်နလံထူရေးနည်းပညာစင်တာ ညွှန်ကြားရေးမှူးဝမ်တင့်ရှင်နှင့်ဌာနမှ လုပ်ဖော်ကိုင်ဖက်(၅၀)ဦးသည် ပြတိုက်သို့လာရောက်ကြည့်ရှုခဲ့သည်။ “ယူနန်သားအဖြစ်(၅)နှစ်အတွင်းရရှိသောရလဒ်မှာ အထူးစိတ်လှုပ်ရှားစေပါသည်။ အထူးဂုဏ်ယူမိပါသည်။ ဒီမြေပြင်ပေါ်မှာနေထိုင်နေသော ပြည်သူများလည်းပိုပြီး မျှော်လင့်ချက်ရရှိစေပြီး ပိုပြီးစိတ်အားထက်သန်စေကာ ယူနန်၏ ကောင်းမွန်သော အနာဂတ်ကိုယုံကြည်စေပါသည်။”ဟု သူကပြောသည်။

သတင်းထောက် ရင်ရွှေဖုန်း ကျန်းထုံ။